

# စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
# စိုက်ပျိုးရေးဦးစီးဌာန

# ဥကာပ်ပါး နဂျီ မွေးမြူခြင်းနှင့်ကာကွယ် နှိမ်နင်းခြင်းနည်းစနစ်များ


အမည် –ဒေါ်မိုးဝတ်ရည်သောင်း
ရာထူး –ဒု–ဦးစီးမှူး
ဒေသ –ဝက်လက်မြို့နယ်


၂၀၂၂ခုနှစ်၊မတ်လ




# နိဒါန်းအကျဉ်းချုပ်

- ဥကပ်ပါးနဂျီဓာတ်ခွဲခန်းကို ၂၀၂၁ခုနှစ် ဖေဖော်ဝါရီလတွင် စတင် တည်ထောင်ခဲ့သည်။
- ဥကပ်ပါးနဂျီမွေးမြူခြင်းကို ၂၀၂၁ခုနှစ် ဧပြီလ (၂၁)ရက်နေ့တွင် စတင်မွေးမြူခဲ့သည်။
- ဗန်း(၄၀၀)ဆံ့ နဂျီဓာတ်ခွဲခန်းဖြစ်ပြီး ဧက(၄၀၀)အသုံးပြုနိုင်မည် ဖြစ်ပါသည်။
- တာဝန်ကျဝန်ထမ်း (၇)ဦးနှင့် လုပ်ငန်းများဆောင်ရွက်ခဲ့ရာ ယခုအခါ နဂျီကဒ်ပေါင်း (၁၂၈၂၀)ကဒ်ထုတ်လုပ်နိုင်ပြီး၊ စပါးသီးနှံနှင့် ဆောင်းသီးနှံစိုက်ခင်း(၆၃)ဧကဥကပ်ပါးနဂျီ လွှတ်ခဲ့ပြီး လာမည့်နွေသီးနှံများတွင်လည်း ဆက်လက် လွှတ်နိုင်ရန် မျှော်မှန်းဆောင်ရွက်လျှက်ရှိပါသည်။
- ယခင်ဥကပ်ပါးနဂျီလွှတ်ခဲ့သော အတွေ့အကြုံများအရ ပိုးသတ်ဆေးသုံးစွဲမှု မရှိဘဲ သီးနှံစိုက်ခင်းများအောင်မြင်ကြောင်း သိရှိရပါသည်။
- တောင်သူအတွက် ကုန်ကျစရိတ်လျှော့ချနိုင်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော ကာကွယ်နှိမ်နင်းနည်းစနစ်ဖြစ်၍ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်သင့်ပါသည်။

# လှတော KC အတွင်းရှိ ကျေးရွာများ၏ အခြေပြမြေပုံ






နဂျီဓါတ်ခွဲခန်းတည်နေရာ



# ရည်ရွယ်ချက်

- ❑ ဓါတုပိုးသတ်ဆေးသုံးစွဲမှု လျှော့ချနိုင်စေရန်။
- ❑ သီးနှံစိုက်ခင်းများတွင် သဘာဝမိတ်ဆွေပိုးများ ပွားများ လာစေရန်။
- ❑ သီးနှံများတွင် ဓါတုဓါတ်ကြွင်းအာနိသင်ပါဝင်မှု လျှော့ချ၍ ဘေးကင်းသော စားသုံးသီးနှံများ ရရှိရန်။
- ❑ ဇီဝနည်းဖြင့် ဖျက်ပိုးကာကွယ်နှိမ်နှင်းခြင်း၊ ဥကပ်ပါးနဂျီအား အသုံးပြုခြင်းဖြင့် (IPM)ကို ရေရှည်ကျင့်သုံးရန်။
- ❑ တစ်ဧကကုန်ကျစရိတ် လျှော့နည်းစေရန်။
- ❑ သဘာဝပါတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု လျှော့နည်းစေရန်။




## ဥကပ်ပါးနဂျီ ဆိုသည်မှာ

-သဘာဝ အလျှောက်ရှိသော နဂျီ မဟုတ်ဘဲ စနစ် တကျ ဇီဝနည်းကို အသုံးပြု၍ ဖျက်ပိုး ဥမြုံများကိုကပ်ပါး ပြုပြီး သီးနှံစိုက်ခင်းများတွင် ပိုးမွှားကျရောက်မှုကို ကာကွယ် နှိမ်နင်း နိုင်သော တောင်သူ အကျိုးပြု မိတ်ဆွေပိုးဖြစ်ပါသည်။

| | |
|---|---|
| **Class** | **-Insector** |
| **Order** | **-Hymenoptera** |
| **Family** | **-Trichogrammatidae** |
| **Genus** | **-Trichogramma** |
| **Species** | **-T.*japonicum*** |

# ထရိုင်ကိုဂရားမားဥကပ်ပါးနဂျီ

- ✓ ထရိုင်ကိုဂရားမားဥကပ်ပါးနဂျီ၏ ဘဝစက်ဝန်းသည်အပူချိန်(၃၀°C)နှင့် စိုထိုင်းဆ (၈၀-၉၀%)တွင် (၇-၉)ရက်ခန့်ကြာသည်။




Life cycle of Trichogramma spps.



# ဥကပ်ပါးနဂျီမွေးမြူရေးလုပ်ငန်းစဉ်တွင်ပါဝင်သော လုပ်ငန်းစဉ် အဆင့်ဆင့်

- ဥကပ်ပါးနဂျီပွားများရန်လက်ခံဥဖြစ်သော ဆန်ထွေးပိုးဥများမွေးမြူရန်အတွက် အာဟာရပြင် ဆင်ခြင်း။
- ဆန်ထွေးပိုးလောက်ကောင်များ မွေးမြူခြင်း။
- ဆန်ထွေးပိုးဖလံများ စုဆောင်းခြင်း။
- ရရှိလာသော ဆန်ထွေးပိုးဥများ စုဆောင်းခြင်းနှင့်သန့်စင်ခြင်း။
- သန့်စင်ပြီးဆန်ထွေးပိုးဥများကို

(၁)ဥကဒ်ပြုလုပ်ရန် ခရမ်းလွန်ရောင်ခြည်ဖြင့်ပိုးဥများ၏ သန္ဓေသားကိုသတ်ခြင်း။

(၂)ပွားများရန်အတွက် ဆန်ထွေးပိုးဥများကို ပြန်လည်မွေးမြူခြင်း။

- ဆန်ထွေးပိုးဥကဒ်များကို(*Trichogramma sp.*)ဖြင့် ကပ်ပါးပြုလုပ်ခြင်း။
- ရရှိလာသောနဂျီဥကဒ်များကို သိမ်းဆည်းခြင်းနှင့်ကွင်းအတွင်းလွှတ်ခြင်း။

# *Trichogramma* ဥကပ်ပါးနဂျီ









ဆန်ထွေးပိုးဥကဒ်များကိုကပ်ပါး နဂျီဖြင့်ကပ်ပါးပြုခြင်း



ကပ်ပါးပြုပြီးနဂျီဥကဒ်များ



ကွင်းထဲလွှတ်ရန်ကပ်ပါးနဂျီဥကဒ်များပြင်ဆင်ခြင်း




ကွင်းထဲလွှတ်မည့်ကပ်ပါးနဂျီဥကဒ်များ






ကပ်ပါးနဂျီဥကဒ်များကွင်းအတွင်းလွှတ်ခြင်း

- ဥကပ်ပါးနဂျီဥကဒ်(၁)ကဒ်တွင် နဂျီကောင်ပေါင်း(၁၀၀၀)ပါသည်။
- သီးနှံစိုက်ခင်းတစ်ဧကတွင် တစ်ကြိမ်လွှတ်လျှင် ကဒ်ပေါင်း (၄၀)လွှတ်ရမည်။
- သီးနှံတစ်ရာသီလျှင် စုစုပေါင်း(၃)ကြိမ်လွှတ်ပေးရမည်။
- ဥကဒ်တစ်ခုနှင့်တစ်ခုကို (၁၀မီတာ)ပေ(၃၀)အကွာထားရမည်။
- ဥကပ်ပါးနဂျီမလွှတ်ခင်တစ်ပတ်နှင့်လွှတ်ပြီးတစ်ပတ်အတွင်း ပိုးသတ်ဆေး လုံးဝ မဖျန်းသင့်ပါ။
- နဂျီဥကဒ်မှ နဂျီများထွက်လုခါနီးအချိန်တွင် နဂျီကဒ်များကို သီးနှံပင်ပေါ်တွင် ချိတ်ထားရမည်။
- ဥကပ်ပါးနဂျီများသည် ပန်းပွင့်သောအပင်များမှ ဝတ်ရည်များကို မှီခို နေထိုင်ကြသည်။
- စပါးစိုက်ခင်းများတွင် ဥကပ်ပါးနဂျီကို ပျိုးခင်း၊ပင်ပွားချိန်နှင့်ဖုံးတုံးလုံးတုံး အချိန်တွင် လွှတ်ပေးရမည်။








# ဥကပ်ပါးနဂျီအသုံးပြုခြင်း၏အကျိုးကျေးဇူးများ



- ဥကပ်ပါးနဂျီအမတစ်ကောင်မှ ဖျက်ပိုး(၁၀)ဥခန့်ကိုကပ်ပါးပြုနိုင်သဖြင့်ပိုးသတ်ဆေး သုံးစွဲမှုကို လျှော့ချနိုင်သည်။
- တောင်သူများ၏ကျန်းမာရေးကို ထိခိုက်မှုမရှိခြင်းနှင့် သီးနှံများတွင် ပိုးသတ်ဆေးဓါတ်ကြွင်းများကင်းဝေး စေသည်။
- သီးနှံစိုက်ခင်းထဲရှိ အခြားသက်ရှိများ၊ မြေထု၊ ရေထုနှင့်လေထုညစ်ညမ်းမှုတို့ကိုလည်း လျှော့ချနိုင်သည်။
- ဥကပ်ပါး နဂျီ အသုံးပြုခြင်းဖြင့်လိပ်ပြာဖလံမျိုးရင်းဝင်ဖျက်ပိုးများ ကို နှိမ်နင်းရာတွင် ရေရှည် အသုံးပြုနိုင်ပြီး ကုန်ကျစရိတ်သက်သာ၍ လုံခြုံစိတ်ချသော စားသုံးသီးနှံများ ကို ထုတ်လုပ်ပေးနိုင်ပါသည်။



# ယခင်နှစ် မိုးစပါးရာသီတွင် ဥကပ်ပါးနဂျီ စမ်းသပ် အသုံးပြုမှု အခြေအနေ

| စဉ် | ကျေးရွာ အုပ်စု | တောင်သူ အမည် | သီးနှံ အမည် | စမ်းသပ် အသုံးပြု ဧက | ရရှိရာ ဒေသ |
|---|---|---|---|---|---|
| ၁ | ရွာသာကြီး | ဦးတင့်လွင် | မိုးစပါး | ၅.၀၀ | ရွှေဘို ဓါတ်ခွဲခန်း |
| ၂ | ကျီးကန် | ဦးမြင့်သိန်း | ။ | ၅.၀၀ | ။ |
| ၃ | ရွာတော်ကုန်း | ဦးတင်ဆောင်း | ။ | ၅.၀၀ | ။ |
| ၄ | လိန်ပင် | ဦးညာဏ်ချို | ။ | ၅.၀၀ | ။ |
| | ပေါင်း | | | ၂၀.၀၀ | |

# မြို့မKC ဥကပ်ပါးနဂျီ မွေးမြူရေး ဓါတ်ခွဲခန်း  ပြီးစီးမှု (ဒေသခံတောင်သူများ (၃၀/x၂၆/x၁၂/)အဆောက်အဦး လှူဒါန်းခြင်း)





# ဥကပ်ပါးနဂျီ မွေးမြူရေး လုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

| စဉ် | ဓါတ်ခွဲခန်း အမည် | ဆန်ထွေးပိုးဥ မွေးမြူ နိုင်သည့် ဗန်းအရေ အတွက် | တစ်ဗန်းထွက် နိုင်သည့် နဂျီကဒ် | ရရှိမည့် နဂျီကဒ် ပေါင်း | သီးနှံတစ် ဧကလွှတ် မည့်ကဒ် | သီးနှံတစ် ရာသီ လွှတ်မည့် အကြိမ် | နဂျီလွှတ် နိုင်မည့် ဧက |
|---|---|---|---|---|---|---|---|
| ၁ | လှုတော | ၄၀၀ | ၁၂၀ | ၄၈၀၀၀ | ၄၀ | ၃ | ၄၀၀ |
| ၂ | မြို့မ | ၂၀၀ | ၁၂၀ | ၂၄၀၀၀ | ၄၀ | ၃ | ၁၀၀ |
| | | ၆၀၀ | ၁၂၀ | ၇၂၀၀၀ | ၄၀ | ၃ | ၆၀၀ |



# ယခုနှစ် မိုးစပါးရာသီတွင် ဥကပ်ပါးနဂျီ အသုံးပြုမှု အခြေအနေ

| စဉ် | ကျေးရွာ အုပ်စု | တောင်သူ အမည် | သီးနှံ အမည် | စမ်းသပ် အသုံးပြု ဧက | ရရှိရာ ဒေသ |
|---|---|---|---|---|---|
| ၁ | ရွာသာကြီး | ဦးမျိုးသစ် | မိုးစပါး | ၅.၀၀ | လှတော ဓါတ်ခွဲခန်း |
| ၂ | ကျီးကန် | ဦးကျော်ဆန်းမင်း | ။ | ၅.၀၀ | ။ |
| ၃ | ကျီးကန် | ဦးမြင့်သိန်း | ။ | ၅.၀၀ | ။ |
| ၄ | လိန်ပင် | ဒေါ်ခင်ချိုဦး | ။ | ၅.၀၀ | ။ |
| ၅ | လိန်ပင် | ဦးဉာဏ်ချို | ။ | ၄.၀၀ | ။ |
| ၆ | မုဆိုးခြံ | ဦးမိုးမြင့်ထွန်း | ။ | ၄.၀၀ | ။ |
| | ပေါင်း | | | ၂၈.၀၀ | |

# ယခုနှစ် မိုးစပါးရာသီတွင် ဥကပ်ပါးနဂျီ အသုံးပြုမှု မှတ်တမ်း












# ယခုနှစ် ဆောင်းသီးနှံ ဥကပ်ပါးနဂျီ အသုံးပြုမှု အခြေအနေ

| စဉ် | ကျေးရွာအုပ်စု | တောင်သူအမည် | သီးနှံအမည် | စမ်းသပ်အသုံးပြုဧက | ရရှိရာဒေသ |
|---|---|---|---|---|---|
| ၁ | ရုံးသာ | ဦးမြင့်မောင် | ကုလားပဲ | ၁၀.၀၀ | လှုတော ဓါတ်ခွဲခန်း |
| ၂ | ။ | ဦးမြင့်ဇော် | ။ | ၅.၀၀ | ။ |
| ၃ | ။ | ဦးဇော်မျိုးနိုင် | ။ | ၅.၀၀ | ။ |
| ၄ | မြင်တော် | ဦးမြင့်အောင် | ။ | ၅.၀၀ | ။ |
| ၅ | အောင်ချမ်းသာ | ဦးခင်မောင်စန်း | ။ | ၅.၀၀ | မြို့မ ဓါတ်ခွဲခန်း |
| | ပေါင်း | | | ၃၀.၀၀ | |

# ယခုနှစ် ဆောင်းသီးနှံ ဥကပ်ပါးနဂျီ အသုံးပြုမှု မှတ်တမ်း














# ယခုနှစ် နွေစပါးရာသီတွင် ဥကပ်ပါးနဂျီ အသုံးပြုမည့်အစီအစဉ်

| စဉ် | ကျေးရွာ အုပ်စု | တောင်သူ အမည် | သီးနှံ အမည် | စမ်းသပ် အသုံးပြု ဧက | ရရှိရာ ဒေသ |
|---|---|---|---|---|---|
| ၁ | လိန်ပင် | ဦးခင်အောင် | နွေစပါး | ၁၂.၀၀ | လှတော ဓါတ်ခွဲခန်း |
| ၂ | ။ | ဦးမြင့်မောင် | ။ | ၅.၀၀ | ။ |
| ၃ | ။ | ဦးမြင့်ဇော် | ။ | ၂.၀၀ | ။ |
| ၄ | မုဆိုးခြုံ | ဦးမိုးမြင့်ထွန်း | ။ | ၅.၀၀ | ။ |
| | ပေါင်း | | | ၂၄.၀၀ | |

# ယခုနှစ် နွေနှမ်းရာသီတွင် ဥကပ်ပါးနဂျီ အသုံးပြုမည့်အစီအစဉ်



| စဉ် | ကျေးရွာ အုပ်စု | တောင်သူ အမည် | သီးနှံ အမည် | စမ်းသပ် အသုံးပြု ဧက | ရရှိရာ ဒေသ |
|---|---|---|---|---|---|
| ၁ | ကျီးကန် | ဦးမြင့်သိန်း | နွေနှမ်း | ၁၀.၀၀ | လှုတော ဓါတ်ခွဲခန်း |
| ၂ | သားနား | ဦးမောင်နိုင် | ။ | ၅.၀၀ | ။ |
| ၃ | ထုံးဘို | ဦးမျိုးသစ် | ။ | ၅.၀၀ | ။ |
| | ပေါင်း | | | ၂၀.၀၀ | |

# လှတောKCဥကပ်ပါးနဂျီ မွေးမြူရေး ဓါတ်ခွဲခန်း ပြီးစီးမှု




ဆန်ထွေးပိုး မွေးမြူရေးခန်း




ဆန်ထွေးပိုး




ဖလံစုဆောင်းသည့်ကိရိယာ

# လှတောKC ဥကပ်ပါးနဂျီ မွေးမြူရေး ဓါတ်ခွဲခန်း ပြီးစီးမှု




ဥကပ်ပါးနဂျီ သိုလှောင်ကိရိယာနှင့်
ဖွဲနု (ဆန်ထွေးပိုးစာ)သန့်စင်ကိရိယာ

ဖလံစုဆောင်း သေတ္တာ



# လှုတောKC ဥကပ်ပါးနဂျီ မွေးမြူရေး ဓါတ်ခွဲခန်း ပြီးစီးမှု




ခရမ်းလွန်ရောင်ခြည်သေတ္တာ




ဆန်ထွေးပိုးဥ စုဆောင်းသေတ္တာ

# လှတောာဥကပ်ပါးနဂျီဓါတ်ခွဲခန်းတွင်တိုင်း၊ခရိုင်၊မြို့နယ်များမှ လာရောက်လေ့လာသောဓါတ်ပုံမှတ်တမ်းများ









# လှတောဥကပ်ပါးနဂျီဓါတ်ခွဲခန်းတွင်တောင်သူများမှ လာရောက်လေ့လာသောဓါတ်ပုံမှတ်တမ်းများ











# သုံးသပ်တင်ပြချက်

- ဥကပ်ပါးနဂျီ မွေးမြူခြင်းသည် တောင်သူများအတွက် ကုန်ကျစရိတ်သက်သာ၍ စိုက်ပျိုးထုတ်လုပ်မှုကိုလည်း မထိခိုက်စေဘဲ သဘာဝဂေဟစနစ်ကိုလည်း မပျက်ဆီးစေခြင်းကြောင့် လိပ်ပြာဖလံ မျိုးရင်းဝင် ဖျက်ပိုးများကို နှိမ်နင်းရာတွင် ရေရှည်အသုံးပြုနိုင်သောကြောင့် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဤဥကပ်ပါးနဂျီ ဓာတ်ခွဲခန်းများကို တောင်သူများ အတွက် အကျိုးရှိစေရန် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သင့်ကြောင်း တင်ပြအပ်ပါသည်။

ကျေးဇူးတင်ပါသည်။